ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နွားထိုးကြီးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)


ဘဟက်ကျေးရွာ၊ဆူးဖြူကုန်းကျေးရွာအုပ်စု

၂၀၁၈ ခုနှစ် နွားထိုးကြီးမြို့နယ်

## မာတိကာ စာမျက်နှာ


| | | |
|---|---|---|
| ၁။ | မြို့နယ်မြေပုံ | ၁ |
| ၂။ | ကျေးရွာမြေပုံ(တည်နေရာ) | ၂ |
| ၃။ | အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၃ |
| ၄။ | ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း) | ၄ |
| ၅။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား | ၅ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ | ၇ |
| ၇။ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ | ၂၆ |
| ၈။ | ကျေးရွာအချက်အလက်(ပုံစံ-၁) | ၂၈ |
| ၉။ | စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂) | ၃၁ |
| ၁၀။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃) | ၃၂ |
| ၁၁။ | အစည်းအဝေးမှတ်တမ်းများ | ၃၄ |
| ၁၂။ | ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၈ |
| ၁၃။ | ကျေးရွာဖွံ့ဖြိုးရေးစီမံချက် အရည်အသွေးထိန်းချုပ်မှု (Checklist For VDP) | ၃၉ |

# ၁။ နွားထိုးကြီး မြို့နယ်မြေပုံ



## ၂။ ကျေးရွာမြေပုံ (တည်နေရာ)



ကျေးရွာတည်နေရာ- လတ္တီတွဒ် 21.56   လောင်တီတွဒ် 95.68

# ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | အိမ်ထောင်စု | (ကျား)စုစုပေါင်း | (မ)စုစုပေါင်း | လူမျိုးစုများ |
|---|---|---|---|---|---|---|
| ၁ | ဆူးဖြူကုန်းကျေးရွာအုပ်စု | ဆူးဖြူကုန်း | ၄၆၀ | ၁၀၇၁ | ၁၂၀၆ | ဗမာ |
| ၂ | | ရုံးရင်းတော | ၁၀၇ | ၂၆၀ | ၂၆၉ | ဗမာ |
| ၃ | | တောပေး | ၁၃၆ | ၂၈၈ | ၃၆၀ | ဗမာ |
| ၄ | | ဘဟတ် | ၂၅၉ | ၆၁၇ | ၆၀၅ | ဗမာ |
| ၅ | | နဘူးတောတောင် | ၁၈၉ | ၅၀၀ | ၅၅၈ | ဗမာ |
| ၆ | | နဘူးတောမြောက် | ၉၇ | ၂၉၃ | ၃၁၃ | ဗမာ |
| ၇ | | ကျားတွင်းဘိုး | ၈၅ | ၁၅၀ | ၂၄၉ | ဗမာ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ( ကျေးရွာသမိုင်းကြောင်း)

### ဘဟက်ကျေးရွာသမိုင်း

ဘဟက်ကျေးရွာသမိုင်းကို ယခုခေတ်နောက်ပိုင်းလေ့လာချက်များအရ လွန်ခဲ့သော နှစ်ပေါင်း များစွာအခါက ရေကြည်ရာ မြတ်နုရာကို အသက်မွေးဂမ်းကျောင်းပြုလို၍ မိသားစု လေးငါးစု တို့သည် ယာတော၊ တောရိုင်းများကို ခုတ်ထွင်ရှင်းလင်းပြီး ယာလုပ်ငန်းများ လုပ်ကိုင်စားသောက် ကြရင်း ၄င်းတို့ မိသားစုများမှ ပွားများလာပြီး အိမ်ခြေနှစ်ဆယ်ခန့်မှစ၍ ကျေးရွာအမည်ကို ပန်းဆက်တော ဟုအမည်ပေးခဲ့ကြပါသည်။ နှစ်ကာလ ကြာညောင်း လာသောအခါ ပန်းဆက်တောမှ ဘဟက်တောဟု ခေါ်တွင်လာခဲ့ကြပြီး ယခုအခါ ဘဟက်ကျေးရွာဟု အထွေထွေအုပ်ချုပ်ရေးရုံး၏အတည်ပြုချက်အရသိရပါသည်။

လွန်ခဲ့သော နှစ်ပေါင်း (၇၀)ခန့်က ဘဟက်တောရွာကလေးသည် လူနေမှုစရိုက် နိမ့်ကြခဲ့သော ရွာကလေးတစ်ရွာဖြစ်ခဲ့ပါသည်။ အကြောင်းမှာ ပညာရေးလက်လှမ်းမမီ သောကြောင့် ပညာတတ်နည်းပါး၍ လူနေမှုအဆင့်အတန်းနိမ့်ကြခြင်း၊ အတွေးအခေါ်အမြော် အမြင် နည်းပါးခြင်း တို့ကြောင့်ဟု ယူဆမိပါသည်။ သို့သော် ၁၉၈၈-၁၉၈၉ နောက်ပိုင်းတွင် ပြည်တော်သာ ကျောင်းများ ပေါ်ပေါက်လာရာမှ ယခုအခါ အခြေခံပညာ အလယ်တန်းကျောင်းခွဲ များအထိရရှိလာပြီး ခေတ်ပညာတတ်များ ပေါ်ထွန်းလာကာ နယ်ပယ်ဒေသအသီးသီးသို့ ပြောင်းရွှေ့ လုပ်ကိုင်ကြရင်း လူနေမှုစရိုက်မြင့်မားလာကာ စီးပွါးရေးများ အဆင်ပြေလာပြီး ခေတ်မီဖွံ့ဖြိုးလာသော ဒေသ၏ အချက်အချာကျသော ကျေးရွာကလေးတစ်ရွာဖြစ်လာ တော့သည်။

## ၅။ (က) လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်း

ဘဟက်ကျေးရွာတွင် အခြေခံလူအများစုလုပ်ကိုင်ကြသောလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖြစ်၍ အများစုမှာ စီးပွားရေးတွင် မပြေလည်ကြပါ။ သီးနှံအထွက်လျော့ခြင်း၊ ဈေးနည်းခြင်း၊ မိုးကောင်းရေသောက်ယာမြေများဖြစ်ကြ၍ ဝင်ငွေနည်းပါးသော ကျေးရွာလေးတစ်ရွာဖြစ်သည်။

စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်၍ အမျိုးသမီးများ ပါဝင်မှု အားနည်းသည်။ ကျေးရွာ၏ အဓိက ထိန်းချုပ်မောင်းနှင်သူများမှာ အမျိုးသားများ ဖြစ်ကြပါသည်။

ကျေးရွာဖွံ့ဖြိုးမှု အဖွဲ့အစည်းတိုင်းလိုလို အမျိုးသမီးများ ပါဝင်မှုမရှိကြပါ။

ခြံငုံသုံးသပ်ရသော် ကျေးရွာသူ၊ ကျေးရွာသားများ အခြေခံ အဆောက်အဦးများ အများအပြားလိုအပ်နေသေး၍ ဗဟုသုတများလည်း လိုအပ်နေပါသေးသည်။

ဘဟက်ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီး တန်းတူအခွင့်အရေးမရရှိသေးပါ။

## (ခ)အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PRA/PSA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ ( Social Map / Resource Map) | ၂၇.၁၁.၁၇ | ရွာလူထု | ၁၃ | ၁၄ | ၂၇ | ကျေးရွာနယ်နိမိတ်အတွင်းရှိ အိမ်ခြေအဆောက်အဦး၊ဘုရားပုထိုးများစသောကျေးရွာ၏လက်ရှိအခြေအနေနှင့်လယ်မြေ၊စိုက်ခင်း၊ပိုင်ဆိုင်မှုပြအခြေအနေများကိုရေးဆွဲဖော်ထုတ်ခဲ့သည်။ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် ( Seasonal Calender) | ၂၇.၁၁.၁၇ | ရွာလူထု | ၈ | ၇ | ၁၅ | ကျေးရွာရှိရွာသူရွာသားများ၏ ရာသီအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စိုက်ပျိုးချိန်ရိတ်သိမ်းချိန်၊ တိရိစ္ဆာန်များရောဂါဖြစ်ပွားမှု၊ သီးနှံများပိုးမွှားကျရောက်မှု၊ ရာသီပွဲတော်များ၊ ကျေးရွာမှ လူများဝင်ငွေရရှိမှုအခြေအနေများကိုကျေးရွာမှ လူများပါဝင်ဆွေးနွေး ရေးဆွဲကြသည်။ |
| ၃ | ကျေးရွာ၏ဦးစားပေးအစီအစဉ်ပြဇယား (Metric Ranking) | ၂၇.၁၁.၁၇ | ရွာလူထု | ၃၀ | ၂၀ | ၅၀ | ကျေးရွာသူကျေးရွာသားများ၏ ကျေးရွာအတွက် အဓိကလို အပ်သောစီမံကိန်းလုပ်ငန်းခွဲများကိုညှိနှိုင်းတိုင်ပင်ရေးဆွဲခဲ့ကြသည်။ |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၂၇.၁၁.၁၇ | ရွာလူထု | ၁၅ | ၁၆ | ၃၁ | ကျေးရွာအတွင်းတွင်ရှိနေသောလူမှုအဖွဲ့အစည်းများ နှင့် ကျေးရွာလူထုအကြား ချိတ်ဆက်နေမှုကိုထင်သာမြင်သာရှိအောင် ဖော်ဆောင်နိုင်ခဲ့သည်။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၂၇.၁၁.၁၇ | ရွာလူထု | ၁၂ | ၁၃ | ၂၅ | အမျိုးသားနှင့်အမျိုးသမီးများအကြားအလုပ်အကိုင်အခွင့်အလမ်း၊တန်းတူအခွင့် အရေး၊ ပညာသင်ကြား နိုင်မှု၊ ဘဝလုံခြုံမှု စသည့်အခြေအခြေအနေအရပ်ရပ်ကိုဆွေးနွေးခဲ့ကြသည်။ |
| ၆ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း ( Wealth Ranking) | ၂၇.၁၁.၁၇ | ရွာလူထု | ၇ | ၁၀ | ၁၇ | ကျေးရွာအတွင်းရှိ လူများအကြား၊ငွေကြေး၊ပစ္စည်းဥစ္စာ၊နေအင်အားပိုင်ဆိုင်မှုအဆင့်ခွဲခြားပြသခြင်းဖြင့် ကျေးရွာအတွက် လိုအပ်မည့်ဝင်ငွေရရှိရေးအစီအစဉ်များကို ထည့်သွင်းစဉ်းစားနိုင်ရန် စဉ်းစားခဲ့ကြသည်။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (က) ကျေးရွာလူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ



# လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။ဘဟက် ရက်စွဲ။ ။၂၇.၁၁.၂၀၁၇

ဘဟက်ကျေးရွာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထား လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင်း သီးခြားနေထိုင်သောအဖွဲ့အစည်းများမရှိကြပါ။

မိုးခေါင်ခြင်း၊ သီးနှံဈေးလျော့နည်းခြင်းတို့ကြောင့် အခြားအရပ်ဒေသသို့ပြောင်းရွှေ့လုပ်ကိုင်သူများပြားပါသည်။ လားရှိုး၊ မူဆယ်သို့ ပန်းပုလုပ်ငန်းဖြင့် ပြောင်းရွှေ့လုပ်ကိုင်သူများလည်း ရှိပါသည်။

ကျေးရွာတွင် အခြေခံအဆောက်အဦးများ ပြည့်စုံမှုမရှိပါ။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုမရှိသေးပါ။ ဆေးရုံဆေးပေးခန်းလဲမရှိပါ။ ကျေးရွာတွင်း နေအိမ်များ ကျယ်ဝန်းခြင်း မရှိပါ။



# (ခ) ရာသီခွင်ပြပြက္ခဒိန်



# ရာသီခွင်ပြပြက္ခဒိန် ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။ဘဟက် ရက်စွဲ။ ။၂၇.၁၁.၂၀၁၇

ဘဟက်ကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန်ဇယားတွင် ပါဝင်သော အကြောင်းအရာများမှာ ရာသီဥတု၊ စိုက်ပျိုးသီးနှံ၊ ဝင်ငွေရရှိမှု၊ သောက်သုံးရေရှိမှု၊ ကျန်းမာရေး၊ အစားအစာဖူလုံမှု၊ ရာသီပွဲတော်နှင့် သဘာဝဘေးအန္တရာယ်တို့ဖြစ်ကြသည်။

နွေမိုးဆောင်း ရာသီဥတု သုံးမျိုးရှိ၍ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ အဓိကထား စိုက်ပျိုးကြသည်။ သီးနှံပေါ်ချိန်တွင် ဝင်ငွေအသင့်အတင့်ရှိ၍ ကျန်လရာသီများတွင် တစ်နှစ်လုံးနီးပါး ဝင်ငွေနည်းပါးကြပါသည်။ ထို့ကြောင့် အစားအစာဖူလုံမှု နည်းပါးကြပါသည်။

သောက်သုံးရေမှာ မိုးရာသီတွင် သောက်သုံးရေ လုံလုံလောက်လောက်ရ၍ နွေရာသီတွင် သောက်သုံးရေးနည်းပါးပါသည်။

ရာသီပွဲတော်များမှာ တန်ခူးလသင်္ကြန်ပွဲ၊ ဂါဆိုလတွင် ဂါဆိုပန်းကပ်ပွဲ၊ တန်ဆောင်မုန်းလတွင် ဘာသာရေးဘုရားပွဲ၊တရားပွဲများ ကျင်းပကြပါသည်။

ဘဟက်ကျေးရွာတွင် သဘာဝဘေးအန္တရာယ်များ ကျရောက်မှုမရှိပါ။

ကျေးရွာသူ၊ ကျေးရွာသားများရာသီခွင်ပြပြက္ခဒိန်ရေးဆွဲနေပုံ



# (ဂ) ဥစ္စာဓနပိုင်ဆိုင်မှုပြဇယား

ကျေးရွာ။ ။ဘဟက် ရက်စွဲ။ ။၂၇.၁၁.၂၀၁၇

| စဉ် | အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ချမ်းသာ | တိုက်အိမ်၊နွား(၁၀)ကောင်၊နွားစာစဉ်းစက် လယ်မြေ(၅-၁၅)ကေဧက(?)ကျော်ပိုင်ဆိုင် | ၇ | ၂.၇၀% |
| ၂ | အလယ်အလတ် | သွပ်မိုးထရံကာအိမ်၊နွား(၅)ကောင်၊လှည်း လယ်မြေ(၃-၅)ဧကဝန်းကျင်ပိုင်ဆိုင် | ၁၀၀ | ၃၈.၆၁% |
| ၃ | ဆင်းရဲ | ထန်းရွက်မိုးထရံကာအိမ်၊ နွား(၂)ကောင်၊ လှည်း၊သိုး၊ဆိတ်၊မြေယာ၁-၂ဧကပိုင်ဆိုင် | ၅၂ | ၂၀.၀၈% |
| ၄ | အလွန်ဆင်းရဲ | ထန်းရွက်မိုး၊ထန်းလက်ကာအိမ် လက်လုပ်လက်စား၊မြေယာမရှိ | ၁၀၀ | ၃၈.၆၁% |
| | စုစုပေါင်း | | ၂၅၉ | ၁၀၀% |

# ဥစ္စာဓနပိုင်ဆိုင်မှုပြဇယား ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။ဘဟက် ရက်စွဲ။ ။၂၇.၁၁.၂၀၁၇

ဘဟက်ကျေးရွာတွင် အိမ်ထောင်စု (၂၅၉)စုရှိပါသည်။ ချမ်းသာ၊ အလယ်အလတ်၊ ဆင်းရဲ၊ အလွန်ဆင်းရဲဟု အဆင့်လေးဆင့်ခွဲထားပါသည်။

ဆင်းရဲနှင့်အလွန်ဆင်းရဲသော အိမ်ထောင်စုမှာကျေးရွာအိမ်ထောင်စု၏ ထက်ဝက်ကျော်ခန့် အထိပင်ရှိပါသည်။


ဘဟက်ကျေးရွာတွင် လက်လုပ်လက်စားများခြင်း၊ မိုးကောင်းရေသောက်လယ်မြေများခြင်း၊ အလုပ်အကိုင်ရှားပါးခြင်းတို့ကြောင့် ဆင်းရဲမွဲတေမှုများနေရခြင်းဖြစ်သည်။

ချမ်းသာသူ အနည်းငယ်သာရှိ၍ လယ်ပိုင်၊ ယာပိုင်၊ ကုန်ရောင်းကုန်ဝယ်ပွဲစားများ ဖြစ်ကြသည်။

ကျေးရွာသူ၊ ကျေးရွာသားများဥစ္စာဓနကြွယ်မှုပြဇယားရေးဆွဲနေပုံ



# (ဃ)ပင့်ကူအိမ်သုံးသပ်ချက်ပြဇယား



# ပင့်ကူအိမ်သုံးသပ်ချက်ပြဇယား ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။ဘဟက် ရက်စွဲ။ ။၂၇.၁၁.၂၀၁၇

ဘဟက်ကျေးရွာတွင် အမျိုးသမီးများထက်၊ အမျိုးသားများက အခွင့်အလမ်းပိုမိုရရှိကြပါသည်။

အိမ်မှုကိစ္စများတွင် အမျိုးသမီးများက ပို၍ ဦးဆောင်မှုများနေပါသည်။ ယင်းသို့ဖြစ်နေရခြင်းမှာ အစဉ်အလာအရ အမျိုးသမီးများက အိမ်မှု ကိစ္စများနှင့်သာ အချိန်ကုန်နေရခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်းတို့ကြောင့်ဖြစ်ကြပါသည်။


ပင့်ကူအိမ်ဟု ဆိုရာတွင် ပင့်ကူအိမ်လေးကဲ့သို့လှပစေရန် အမျိုးသား၊ အမျိုးသမီး တန်းတူအခွင့်အရေး ရရှိစေရန်မှာ အမျိုးသားများက ဦးဆောင်မှုများနေလျှင် လျှော့ချ၍ အမျိုးသမီးများကလည်း ရပ်ရေးရွာရေးကိစ္စများတွင် ဦးဆောင်မှုပြုရန် လိုအပ်နေပါသေးသည်။

ကျေးရွာသူ၊ ကျေးရွာသားများပင့်ကူအိမ်သုံးသပ်ချက်ပြဇယားရေးဆွဲနေပုံ



# (င) အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား

ကျေးရွာ။ ။ဘဟက် ရက်စွဲ။ ။၂၇.၁၁.၂၀၁၇



# အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။ဘဟက် ရက်စွဲ။ ။၂၇.၁၁.၂၀၁၇

ဘဟက်ကျေးရွာတွင် အဖွဲ့အစည်း (၈)ခုရှိပါသည်။ ရာအိမ်မှူးအဖွဲ့၊ လူငယ်ပရဟိတအဖွဲ့၊ လမ်းဖြစ်မြောက်ရေးအဖွဲ့၊ အရံမီးသတ်အဖွဲ့၊ ဓမ္မစကြာအဖွဲ့၊ ဂတ်ရွတ်အမျိုးသမီးဦးဆောင်အဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့တို့ဖြစ်ကြပါသည်။

လူထုဗဟိုပြုစီမံကိန်းအဖွဲ့၊ ရာအိမ်မှူးအဖွဲ့၊ ပရဟိတလူငယ်အဖွဲ့၊ အရံမီးသတ်အဖွဲ့ တို့မှာ ကျေးရွာ၏ ဖွံ့ဖြိုးတိုက်းတက်ရေးလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။

ဓမ္မစကြာအဖွဲ့နှင့် ဂတ်ရွတ်အမျိုးသမီးများ အဖွဲ့မှ ဘာသာရေးလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။


ကျေးရွာပြင်ပအဖွဲ့အစည်းများမှာ တိုက်နယ်ဆေးရုံ၊ သမဂ္ဂါယမ၊ CAD၊ ကျေးလက်ဦးစီးဌာန၊ ပတ်မြန်မာ၊ ယူနီစက်၊ ရဲစခန်း၊ ပညာရေးမှူးရုံးတို့ဖြစ်ကြပါသည်။

ကျေးရွာပြင်ပနှင့် အဖွဲ့အစည်းများ ချိတ်ဆက်မှု အားနည်းနေပါသေးသည်။

ကျေးရွာသူ၊ ကျေးရွာသားများအဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံရေးဆွဲနေပုံ



# (၈) အရင်းအမြစ် သုံးစွဲမှုနှင့် ထိန်းချုပ်မှုပြဇယား



ကျေးရွာအမည် - သာယာကုန်း

ရက်စွဲ။ ။၂၇-၁၁-၂၀၁၇

ကျေးရွာအုပ်စု - ဆူးကြိုးကုန်း

"အရင်းအမြစ် ပိုင်ဆိုင်ချုပ်ကိုင်မှု ပြဇယား"

| အမျိုးသား | အမျိုးသမီး | အမျိုးသား ၊ အမျိုးသမီး |
|---|---|---|
| ထော်လာဂျီ ဆိုင်ကယ် | အပ်ချုပ်စက် | |
| ထွန်စက် ၊သား၊ နွား | လက်ဝတ်ရတနာ | |
| [illegible]၊ လှည်း | | |
| ရေတွင်း | | |
| ဘုန်းကြီးကျောင်း | | |
| စာသင်ကျောင်း | | |
| | | |

# အရင်းအမြစ် သုံးစွဲမှုနှင့် ထိန်းချုပ်မှုပြဇယား ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။ဘဟက် ရက်စွဲ။ ။၂၇.၁၁.၂၀၁၇

အမျိုးသားများ သုံးစွဲသောအရာများမှာ ထော်လာဂျီ၊ ထွန်စက်၊ နွားလှည်းတို့ဖြစ်ကြပါသည်။ အမျိုးသမီးများသုံးစွဲသောအရာများမှာ အပ်ချုပ်စက်၊ လက်ဂဝတ်ရတနာတို့ဖြစ်ကြပါသည်။

အမျိုးသား၊ အမျိုးသမီး သုံးစွဲသောအရာများမှာ ဆိုင်ကယ်၊ ယာမြေ၊ ရေတွင်း၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းတို့ဖြစ်ကြပါသည်။

အမျိုးသမီးများထိန်းချုပ်သောအရာများမှာ အပ်ချုပ်စက်၊ လက်ဂဝတ်ရတနာတို့ဖြစ်ကြပါသည်။

အမျိုးသားများ ထိန်းချုပ်သောအရာများမှာ ထော်လာဂျီ၊ ဆိုင်ကယ်၊ ထွန်စက်၊ ယာ၊ မြေ၊ နွား၊ လှည်း၊ ရေတွင်း၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းတို့ဖြစ်ကြပါသည်။

အမျိုးသားများမှာ အမျိုးသမီးများထက် ထိန်းချုပ်မှုများနေပါသည်။ ဤသို့ဖြစ်ရခြင်းမှာ အမျိုးသားများမှာ ဦးဆောင်မှုများနေခြင်း၊ အမျိုးသမီးများမှာ ဦးဆောင်လိုစိတ်မရှိခြင်း၊ ရှေးရိုးအစဉ်လာများကို လက်ခံနေခြင်းတို့ကြောင့်ဖြစ်ပါသည်။

အမျိုးသား အမျိုးသမီး တန်းတူဖြစ်စေရန် အမျိုးသားများက အမျိုးသမီးများကို နေရာပေးသင့်ပါသည်။

ကျေးရွာသူ၊ ကျေးရွာသားများအရင်းအမြစ် သုံးစွဲမှုနှင့် ထိန်းချုပ်မှုပြဇယားရေးဆွဲနေပုံ



## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ






# ကျေးရွာလူထု မဲပေးရွေးချယ်ခဲ့သောဘဟက်ကျေးရွာကော်မတီဝင်များစာရင်း

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | ဦးသန်းနိုင် | ကျေးရွာ စေတနာ့ဝန်ထမ်း |
| ၂ | ဒေါ်နီနီလွင် | ကျေးရွာ စေတနာ့ဝန်ထမ်း |
| ၃ | ဦးရဲတင့် | စီ-ထောက်ဥက္ကဌ |
| ၄ | ဒေါ်စန်းစန်းနွယ် | စီ-ထောက်ဥက္ကဌ |
| ၅ | ဦးမြင့်ဝင်း | ဝယ်ယူရေးဆပ်ကော်မတီဥက္ကဌ |
| ၆ | ဦးရွှေထွန်း | ဝယ်ယူရေးဆပ်ကော်မတီ |
| ၇ | ဒေါ်ခိုင်ဝင်း | ဝယ်ယူရေးဆပ်ကော်မတီ |
| ၈ | ဒေါ်အေးငွေ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၉ | ဦးသန်းစိုး | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၀ | ဦးဇော်မင်း | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၁ | ဒေါ်မေဝင်း | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၂ | ဒေါ်တင်စန်းနွယ် | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၃ | ဦးမောင်ငွေ | ကျေးရွာငွေစာရင်းကိုင် |
| ၁၄ | ဦးအောင်နိုင်ဦး | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၁၅ | ဒေါ်ပပစန်း | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၁၆ | ဦးမောင်ဝင်း | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၁၇ | ဒေါ်မာ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၁၈ | ဦးကြွား | အကြံပြုတိုင်ကြားရေးတာဝန်ခံ |
| ၁၉ | ဒေါ်စန်း | အကြံပြုတိုင်ကြားရေးတာဝန်ခံ |
| ၂၀ | ဦးသန်းငွေ | အကြံပြုတိုင်ကြားရေးတာဝန်ခံ |

# ၈။ ကျေးရွာအချက်အလက်( ပုံစံ-၁)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးခေါင်ဝင်း | ၀၉-၇၈၇၇၄၄၅၉၃ | ဦးငွေလာထွန်း |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ရှမ်း | [illegible] | [illegible] | [illegible] |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၂၅၉ | ဘာသာ (၁) ဗုဒ္ဓ | ၂၅၉ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၉ | | ၉ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၅၃ | | ၅၃ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---------- | ၆၁၇ | ၆၀၅ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၂၀၉ | ၅၀ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ် ခြစ်ပါ | ကျန်းမာရေး | အမှတ် ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ် ခြစ်ပါ |
|---|---|---|---|---|---|

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☑ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း　　ကတ္တရာလမ်း　　ကွန်ကရစ်လမ်း　　မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း　　(မြေသားလမ်း)　　လူသွားလမ်း　　အခြား ______________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ဝိုင်းပါ: ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၁---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--၂၀ မိနစ်--(ထော်လာဂျီ)/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်-----၃၀ မိနစ်------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ----------------------------------

(၂) ----------------------------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင်

အမည် ဦးမောင်ဝေ

လက်မှတ် (signature) နေ့စွဲ ၂၃.၁၀.၂၀၁၇

လူထုစည်းရုံးရေးမှူး

အမည် ဦး[illegible]

လက်မှတ် (signature) နေ့စွဲ ၂၃.၁၁.၂၀၁၇

# ၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား ( ပုံစံ-၂)

ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

*လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးဖွေလား ထွန်း | | | |
| နေ့စွဲ ၂၅. ၁၁. ၂၀၁၅ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ✓စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း မကွေး | မြို့နယ် ပွင့်ဖြူ | ကျေးရွာအုပ်စု ဆူးဖြူကုန်း | ကျေးရွာ သာယာတိ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၅.၁၁.၁၅ | ၂၅.၁၁.၁၅ | ၇၅ | ၉၀ | ၁၆၅ | ဗမာ | ၁၆၅ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၅.၁၁.၁၅ | ၂၅.၁၁.၁၅ | ၇၅ | ၉၀ | ၁၆၅ | ဗမာ | ၁၆၅ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၂.၁၂.၁၅ | ၂၂.၁၂.၁၅ | ၃၂ | ၁၄ | ၄၆ | ဗမာ | ၄၆ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

# ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ( ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| *လမ်းညွှန်ချက်*။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးငွေလောဝင်းထွန်း |
| နေ့စွဲ ၂၇. ၁၁. ၂၀၁၇ — စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ✓ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း [illegible] — မြို့နယ် [illegible] ကျေးရွာအုပ်စု [illegible] — ကျေးရွာ [illegible] |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | မြေရာဘီ တွင်ဘောက်ဆ်ဘာရေးပြဿနာ၊ | ၁ | ကျွဲပြစ်ဆီဆီးမျိုးသည် ဘာတွက်ဈေး ရွာဖွံ့ဖြိုး ၅L.၊ ၃ည် |
| ၂ | ကျောင်းသား၊ဦး ဆရာ ကျောင်းဆောင်ဆောက် | ၂ | ဆရာ ဆရာမ များ လည်း၊ မိုးရာ ခက်ခဲ |
| ၃ | ရွာတွင်းလမ်းများ၊ မိုးရာဘီသွားရခက် | ၃ | [illegible] ကျိုး၊ ဘေး၊ ဆေးရုံဆောက်ရန်၊ [illegible] |
| ၄ | ကျောင်းတိုး၊ လုံခြုံမှုရှိ | ၄ | ကျောင်း ဆောင် လုံလောက်မှု ခဲ |
| ၅ | | ၅ | ရွာတွင်းလမ်းများ၊ ဆောက်လေ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | မြေရာဘီ ရေလုံလောက်စွာ ရရှိ | ၁ | ကျွဲပြစ်ဆီဆီး ရပြီး ကျေးရွာဖွံ့ဖြိုးရန် |
| ၂ | ကျောင်းဆောင် လုံလောက်ရှိ | ၂ | ဆရာ ဆရာမများ လည်း၊ မိုးရာ လုံလောက်ရှိ |
| ၃ | ရွာတွင်းလမ်းများ ၁၂ရာသီသွားလာနိုင် | ၃ | ကျိုး၊ ဘေး၊ ဆေးရုံဆောက်မှု ရရှိ |
| ၄ | ကျောင်းတိုး၊ လုံခြုံရှိ | ၄ | ကျောင်းဆောင် ဖွင့်ကျောင်းသား လုံလောက်စေ |
| ၅ | | ၅ | ရွာတွင်းလမ်းများ ရာသီမရွေး သွားလာနိုင်ရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ၁. ရွာတွင်းလမ်း ပြုပြင်ခြင်း | ကျား၊ မ | ၁၅၅၀၀,၀၀၀ | ၁၅၅၀ |
| ၂ | ၂ [illegible] | ကျား | ၁၂,၀၀၀,၀၀၀ | ၁၂၂၂ |
| ၃ | ၃ ကျောင်းခြံစည်းရိုး | ကျား | ၉,၅၀၀၀၀၀ | ၁၂၂၂ |
| ၄ | ၄ [illegible] | ကျား၊ မ | ၂၁,၀၀၀,၀၀၀ | ၁၂၂၂ |
| ၅ | ၅. ကျွဲပြစ်ဆီဆီး [illegible] | မ | ၄၀,၀၀၀,၀၀၀ | ၁၂၂၂ |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး | အဆိုပြုသူ (အမျိုးသားများ/ | အခန်းကဏ္ဍ |
|---|---|---|---|

| | တိုးတက်မှု လုပ်ငန်းစဉ်များ | အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | |
|---|---|---|---|
| ၁ | ၆ ဆေးခိုး [illegible] | ၆ | |
| ၂ | ၇ ဝါးထိုးထိပ်၊ အိမ်ခြံ | ၁၀ | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးရဲဝင်း ---------------- လက်မှတ် ---------- [signature] ---------- နေ့စွဲ ၂၇.၁၁.၂၀၁၇ -----

## ၁၁။အစည်းအဝေးမှတ်တမ်းများ

### အစည်းအဝေးမှတ်တမ်း

အကြောင်းအရာ။ ။ စီမံကိန်းမိတ်ဆက်အစည်းအဝေး

ကျေးရွာအမည် ။ ။ဘဟက်ကျေးရွာ ရက်စွဲ။ ။၂၇. ၁၁. ၂၀၁၇

အုပ်စု ။ ။ ဆူးဖြူကုန်းကျေးရွာအုပ်စု

လူဦးရေ ။ ။ကျား-၇၅ မ-၉၀= စုစုပေါင်း-၁၆၅ ဦး

အိမ်ထောင်စု ။ ။၁၆၅ခု

အစည်းအဝေးစတင်ချိန် 12:00 PM

**12:00 to 12:10 PM ဘဟက်ကျေးရွာ ရာအိမ်မှူး ဦးမောင်ဝင်းမှအဖွင့်အမှာစကားပြောကြားခြင်း။**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် စည်းစည်းလုံးလုံးနှင့်ကျေးရွာလူထုက အစည်းအဝေးပြီးဆုံးသည်ထိ တတ်ရောက်ရန် တတ်တတ်ကြွကြွပူးပေါင်း ပါဝင်ရန်ပြောကြား။ ကျေးရွာ၏အမှန်တစ်ကယ်လိုအပ်ချက်များကို ကျေးရွာလူထုမှ ပူပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရန် အမှာစကားပြောကြား။ မိမိတို့လိုအပ်ချက်ကို သေချာစဉ်းစားပြီး အကောင်းဆုံးဖော်ထုတ် ပေးကြရန်တိုက်တွန်းပြောကြားခဲ့ပါသည်။

**12:11 to 12:35 PM လူထုစည်းရုံးရေးမှူး ဦးငွေလင်းထွန်း မှ စီမံကိန်း မိတ်ဆက်အကြောင်းရှင်းလင်း ပြောကြား**

စီမံကိန်းမိတ်ဆက် ၁၅ချက်ကိုအသေးစိတ် ရှင်းလင်းပြသပြောဆိုခဲ့ပါသည်။ ပထမနှစ်စက်ဝန်း မှာလုပ်ငန်းခွဲလုပ်ကိုင်ခွင့်မရခဲ့သော်လည်း သင်တန်းများတက်ရောက်ပြီးသည်ဖြစ်သည့်အတွက် ကော်မတီဝင် များအနေဖြင့်အနည်းငယ်အတွေ့အကြုံရှိလာပြီဖြစ်ကြောင်း။ ကျေးရွာလူထုမှလည်းအဓိက ပူပေါင်းပါဝင် လုပ်ဆောင်ကြရန်နှင့် တတ်တတ်ကြွကြွ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ကြရန်ပြောကြား။ အနှစ်ချုပ် အနေဖြင့် မရှင်းလင်းသည်များကို ကျေးရွာလူထုမှ မေးမြန်းကြရန်ပြောကြားခဲ့ပါသည်။

**12:36 to 12:50 PM စီမံကိန်းစက်ဝန်းအကြောင်းကို ဦးငွေလင်းထွန်းမှ ရှင်းလင်းပြောကြား**

စက်ဝန်းတစ်ပါတ်လည်သလို စီမံကိန်းမှာလည်း တစ်ပါတ်လည်သွားပြီးဖြစ်သည့်အတွက် ဒုတိယနှစ် စီမံကိန်းစက်ဝန်းသို့ရောက်လာပြီးဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ယခုနှစ်စီမံကိန်းစက်ဝန်း မှစတင်လုပ်ကိုင် ခွင့်ရသော်လည်း တက်ညီလက်ညီဖြင့် စီမံကိန်းစက်ဝန်းတစ်လျှောက်လုံး ပူပေါင်းဆောင်ရွက် သွားကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။စီမံကိန်းစက်ဝန်းတစ်လျှောက်လုံး ကော်မတီဝင်များနှင့်ကျေးရွာလူထုမှ အဓိက လုပ်ဆောင်သွားရမည်ဖြစ်ကြောင်းဆွေးနွေးခဲ့ပါသည်။ဒုတိယနှစ်စက်ဝန်းမှာလည်း စီမံကိန်းမှာ အပိုင်း(၆) ပိုင်းနှင့် အဆင့် (၁၄)ဆင့် တို့ရှိကြောင်းနှင့် ၄င်းတို့ကို အသေးစိတ်ထပ်မံရှင်းလင်းပြောကြားခဲ့ပါသည်။

**12:51 to 1:05 PMတာဝန်ရှိသူနှင့်တာဝန်ဝတ္တရားများအကြောင်းကိုဒေါ်ငွေငွေဦးမှရှင်းလင်းပြောကြား**

စီမံကိန်းအတွင်းတာဝန်ရှိသူများနှင့် ၄င်းတို့၏တာဝန်ဝတ္တရားများအကြောင်းကိုတစ်ခုချင်း အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပါသည်။ ပထမနှစ်စက်ဝန်းမှာ လုပ်ကိုင်ဆောင်ရွက်ခဲ့ရခြင်းမရှိသော်လည်း သက်ဆိုင်ရာ

သင်တန်းများအသီးသီးတက်ရောက်ခဲ့ရသဖြင့် ကော်မတီဝင်များအနေဖြင့် မိမိတို့၏ရာထူးနှင့် တာဝန်များကို သိလောက်မည်ဖြစ်ကြောင်းမရှင်းလင်းသည်များရှိခဲ့လျှင်မေးမြန်းစေလိုကြောင်းပြောဆို ဆွေးနွေး ခဲ့ပါသည်။

ဦးငွေလင်းထွန်း၊ ဦးကောင်းမြတ်မျိုး၊ ဒေါ်ဌေးဌေးဦး၊ တို့မှ စီမံကိန်းမိတ်ဆက်၊ စီမံကိန်းစက်ဝန်း၊ တာဝန်ရှိသူများနှင့် တာဝန်ဝတ္တရားများအကြောင်းကို အနှစ်ချုပ်ပြောကြားပြီး ကျေးရွာလူထုနှင့် အပြန်အလှန် ဆွေးနွေးကြ၍ မရှင်းလင်းသည်များကို မေးမြန်းဖြေကြားခဲ့ပါသည်။

**1:06 to 1:15 PM** လူထုစည်းရုံးရေးမှူး ဒေါ်ဌေးဌေးဦးမှ ပထမနှစ်စက်ဝန်းမှ စေတနာ့ဝန်ထမ်းနှစ်ဦးကို ကျေးရွာလူထုမှဆက်လက်လုပ်ကိုင်စေလိုခြင်းရှိမရှိမေးမြန်းခဲ့ရာ ရွာလူထုမှ ဆက်လက်လုပ်ကိုင်ရန်သဘော တူညီကြပြီး ကာယကံရှင်များကို မေးမြန်းခဲ့ရာ ဆက်လက်လုပ်ကိုင်မည်ဟုသဘောတူညီသောကြောင့် စေတနာ့ဝန်ထမ်းအမျိုးသား ဦးသန်းနိုင်နှင့် အမျိုးသမီး ဒေါ်နီနီလွင်တို့အား ပြန်လည်အတည်ပြုခန့်အပ် ခဲ့ပါသည်။

## 1:17 PM လူမှုဆန်းစစ်ခြင်း လုပ်ငန်းများကို အဖွဲ့ခွဲ၍ လုပ်ဆောင်

လူမှုအရင်းအမြစ်ပြမြေပုံ နှင့် ဥစ္စာဓနကြွယ်ဝမှုဇယားအကြောင်းကို ဦးငွေလင်းထွန်း မှ ရွာသူရွာသားများနှင့်အတူ ကျေးရွာ၏မြေပုံကိုပြန်လည်ပြသ၍ရွာအတွင်းရှိ နေအိမ်အဆောက်အဦး အခြေခံအဆောက်အဦးများကို ပြန်လည်အတည်ပြုမေးမြန်းရေးဆွဲခြင်း နောက်(၅)နှစ်အတွင်းကျေးရွာ ဖွံ့ဖြိုးရေးကို မည်ကဲ့သို့ ထပ်မံစိတ်ကူးပုံဖော်ထားကြောင်း နှင့် လိုအပ်သည်များကို ကျေးရွာလူထုမှတင်ပြ၍ မြေပုံအတွင်းထည့်သွင်း ဖြည့်စွက်ခြင်းတို့ကို လုပ်ဆောင်ခဲ့ပါသည်။ ဥစ္စာဓန ကြွယ်ဝမှုမှ ကျေးရွာအတွင်း လူမှုလူတန်းစား အဆင့်(၄)မျိုးမှာလည်း ပြောင်းလဲလာမှုရှိမရှိမေးမြန်းခဲ့ရာ ပြောင်းလဲမှုမရှိသေးသည့်အတွက် ယမန်နှစ်မှ အကြောင်းအရာများအားပြန်လည်အတည်ပြုမေးမြန်း ဆွေးနွေးခဲ့ကြပါသည်။ ဆင်းရဲသူ လူတန်းစားများ နည်းပါးလာစေရန်စက်မှုလက်မှုသင်တန်းများနှင့်ဝင်ငွေရရှိစေရန် အလုပ်ရုံများဖွင့်လှစ် စေချင်ကြောင်းပြောကြခဲ့ပါသည်။

ပင့်ကူအိမ်သုံးသပ်ခြင်းနှင့် ပိုင်ဆိုင်မှုသုံးသပ်ခြင်းအကြောင်းကို ဒေါ်ဌေးဌေးဦးမှ ရွာသူရွာသားများ နှင့်အတူ ပင့်ကူအိမ်သုံးသပ်ချက်အားပြန်လည် ဆွေးနွေးခဲ့ရာအမျိုးသား၊အမျိုးသမီး အခွင့်အရေး၊ ဦးဆောင်နိုင်မှု၊ ဝင်ငွေရရှိမှု အလုပ်အကိုင်အခွင့်အလမ်းတို့မှာအမျိုးသား၊အမျိုးသမီး တန်းတူအခွင့်အရေး ရှိမရှိ မေးမြန်းပြောဆိုပြီး တန်းတူအခွင့်မရရှိသေးသည့်အကြောင်း ပြောင်းလဲရန်မှာ အချိန်ယူရမည် ဖြစ်ကြောင်း ပြောဆိုခဲ့ကြပါသည်။ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုများမှာ အမျိုးသားများက အမျိုးသမီးများထက် ပိုင်ဆိုင်မှု ထိန်းချုပ်မှုများ နေတုန်းပင် ရှိသေးကြောင်း အနည်းငယ်တော့ ပြောင်းလဲလာပြီဖြစ်ကြောင်း ပြောဆို ဆွေးနွေးကြပါသည်။

ရာသီခွင်ပြပြက္ခဒိန်နှင့်အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံအကြောင်းကို ဦးကောင်းမြတ်မျိုးမှ ရွာသူ ရွာသား များနှင့်အတူ ၁၂ ရာသီအတွင်း ကျေးရွာတွင် ဖြစ်ပျက်နေသည့် ရာသီဥတုအခြေအနေ၊ စိုက်ပျိုးသီးနှံ၊ ရာသီပွဲတော်၊ သောက်သုံးရေ၊ ဝင်ငွေရရှိမှု၊ သဘာဝဘေးအန္တရာယ်၊ အစားအစာဖူလုံမှု၊ ကျန်းမာရေး၊ အခြေအနေတို့ကို ပြန်လည်အတည်ပြုမေးမြန်းဖော်ထုတ်ခဲ့ရာ ထူးထူးခြားခြားပြောင်းလဲမှုမရှိသေးကြောင်း ပြောဆိုဆွေးနွေးကြပါသည်။ ကျေးရွာအတွင်းအဖွဲ့အစည်းများ တိုးလာမှုရှိမရှိမေးမြန်းရာ မရှိသေးကြောင်း အဖွဲ့အစည်းများအချင်းချင်းချိပ်ဆက်မှု ရှိလာပြီဖြစ်ကြောင်းပြောဆိုကြပါသည်။

လူမှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်များအကြောင်းကို ရွာသူ၊ရွာသားများနှင့် အနှစ်ချုပ် ပြန်လည်တင်ပြ ဆွေးနွေးပြီး အစည်းဝေးကိုအောင်မြင်စွာရုပ်သိမ်းခဲ့ပါသည်။

အစည်းအဝေးပြီးဆုံးချိန် **2:00 PM**

# အစည်းအဝေးမှတ်တမ်း

အကြောင်းအရာ။ ။ ဒုတိယအကြိမ်အစည်းအဝေး

ကျေးရွာအမည်။ ။ ဘဟက်ကျေးရွာ ရက်စွဲ။ ။၂၇. ၁၁. ၂၀၁၇

အုပ်စု ။ ။ ဆူးဖြူကုန်းကျေးရွာအုပ်စု

လူဦးရေ ။ ။ ကျား-၇၅၊ မ-၉၀= စုစုပေါင်း ၁၆၅ ဦး

အိမ်ထောင်စု ။ ။၁၆၅ခု

အစည်းအဝေးစတင်ချိန် 4:00 PM

**4:00 to 4:05 PM** **ဘဟက်ကျေးရွာ ရာအိမ်မှူး ဦးမောင်ဝင်းမှ အဖွင့်အမှာစကားပြောကြားခြင်း။**

နေ့လည်ပိုင်းမှာပထမအကြိမ်အစည်းအဝေးတက်ရောက်သလိုညနေပိုင်းဒုတိယအကြိမ်အစည်း အဝေးမှာလည်း ခုလိုစုံစုံညီညီ တက်ရောက်ပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း အစည်းအဝေးတွင် ပြီးစီးအောင်နားထောင်ပေးကြဖို့၊ လုပ်ငန်းရွေးချယ် ခြင်းနှင့်ကော်မတီများပြန်လည်အတည်ပြုရွေးချယ်ရာတွင်လည်း သေချာရွေးချယ်ကြရန်ပြောကြား။

**4:07 to 4:15 PM**ဦးငွေလင်းထွန်း၊ ဦးကောင်းမြတ်မျိုး၊ ဒေါ်ဌေးဌေးဦး တို့မှ ပထမအကြိမ်အစည်းအဝေးမှလူမှုဆန်းစစ်ချက်များအားပြန်လည်တင်ပြဆွေးနွေးမရှင်းလင်းသည်များလိုအပ်ချက်များရှိပါကမေးမြန်းပြောဆိုကြရန်ပြောကြားပါသည်။

**4:17 PM** ဦးငွေလင်းထွန်း၊ ဦးကောင်းမြတ်မျိုး၊ ဒေါ်ဌေးဌေးဦး တို့မှကျေးရွာလူထုအား ဦးစားပေးလုပ်ငန်းများ ရွေးချယ်ရာတွင်ကူညီ။

ဦးစားပေးလုပ်ငန်းများအားပြန်လည်အတည်ပြုရန် အမျိုးသား၊အမျိုးသမီးများ၏ ပြသနာအခက်အခဲများ၊ မျှော်မှန်းချက်များ ရှင်းပြ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရွေးချယ်ခဲ့ရာ ပထမဦးစားပေးအနေဖြင့် ရွာတွင်းလမ်းပြုပြင်ခြင်း၊ နံပါတ်(၂)ဦးစားပေး အိမ်တိုင်ရာရောက်ရေပေးဝေရေး၊ နံပါတ်(၃)ဦးစားပေး စာသင်ကျောင်းခြံစည်းရိုးပြုပြင်ခြင်း၊ နံပါတ်(၄)ဦးစားပေး စာသင်ကျောင်းဆောင်တိုးချဲ့ဆောက်လုပ်ခြင်း၊ နံပါတ်(၅) လျှပ်စစ်မီးသွယ်တန်းခြင်း၊ နံပါတ်(၆)ဦးစားပေး ဆေးခန်းနှင့်ဆရာမရရှိရေး၊ နံပါတ်(၇)ဦးစားပေး ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းဟူ၍ ဦးစားပေးလုပ်ငန်းများထွက်ပေါ်လာခဲ့ပါသည်။

လက်ထောက်နည်းပညာမှူး ဦးကောင်းမြတ်မျိုးမှ စီမံကိန်းအတွင်းအကျုံးဝင်သောလုပ်ငန်းများနှင့် အကျုံးမဝင်သောလုပ်ငန်းများအကြောင်း ရှင်းပြပြီး စီမံကိန်းလုပ်ငန်းလုပ်ကိုင်ရာတွင် လူမှုပန်ဝန်းကျင်အကာအကွယ်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်များအကြောင်းတို့ကိုရှင်းလင်းပြောကြားခဲ့ပါသည်။

ဦးငွေလင်းထွန်း၊ ဦးကောင်းမြတ်မျိုး၊ ဒေါ်ဌေးဌေးဦး၊ တို့မှ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များကိုပြန်လည်အတည်ပြုရွေးချယ်ခဲ့ကြရာ ကျေးရွာလူထုအား ပထမနှစ်စက်ဝန်းမှ ကော်မတီဝင်များအားထပ်မံခန့်အပ်ရန်သဘောတူမတူမေးမြန်းခဲ့ကြပါသည်။ ကျေးရွာလူထုမှ ပထမနှစ်စက်ဝန်းမှ ကော်မတီဝင်များအားပြန်လည်ခန့်အပ်ရန် သဘောတူညီခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ကော်မတီဝင်များအား ပြန်လည်လုပ်ကိုင်လိုခြင်းရှိမရှိကိုတစ်ဦးခြင်းမေးမြန်းခဲ့ရာ ကော်မတီဝင်များအားလုံးမှ ပြန်လည်လုပ်ကိုင်ရန် သဘောတူညီခဲ့ကြပါသည်။ ထပ်မံ၍ ဝယ်ယူရေးကော်မတီဝင်အဖြစ် ဒေါ်အေးငွေအားလည်းကောင်း၊

လည်ပတ်ထိန်းသိမ်းရေးကော်မတီဝင်အဖြစ် ဒေါ်တင်စန်းနွယ်အားလည်းကောင်း၊ စောင့်ကြည့်ကြီးကြပ်ရေးကော်မတီဝင်အဖြစ် ဒေါ်မာအားလည်းကောင်း အမျိုးသမီးကော်မတီဝင်သုံးဦးအား ကျေးရွာလူထုမှ အဆိုပြုရွေးချယ်တင်မြှောက်အားဖြည့်ခဲ့ကြပါသည်။

အထက်ပါအကြောင်းအရာများအားလုံးကို ပြန်လည်အတည်ပြုသဘောတူအနှစ်ချုပ်ခဲ့ကြပြီးအစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြပါသည်။

အစည်းအဝေးပြီးဆုံးချိန် **5:55 PM**

# ၁၂။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | လ/နှစ် | ကျေးရွာတာဝန်ခံ(သို့)အုပ်စု | ပြင်ပမှမည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ရွာတွင်းလမ်းပြုပြင်ခြင်း | ☐ ကျား√<br>☐ မ√ | ၂၀၁၈ | ကျေးရွာ | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | အိမ်အရောက်ရေပေးဝေရေး | ☐ ကျား√<br>☐ မ | | မရှိသေးပါ | မရှိသေးပါ |
| | ၃ | | ☐ ကျား<br>☐ မ | | | |
| | ၄ | | ☐ ကျား<br>☐ မ | | | |
| | ၅ | | ☐ ကျား<br>☐ မ | | | |
| အသက်မွေးဝမ်းကျောင်းမှု၊ စီးပွားရေး | ၁ | | ☐ ကျား<br>☐ မ | | | |
| | ၂ | | ☐ ကျား<br>☐ မ | | | |
| | ၃ | | ☐ ကျား<br>☐ မ | | | |
| | ၄ | | ☐ ကျား<br>☐ မ | | | |
| | ၅ | | ☐ ကျား<br>☐ မ | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ဆေးပေးခန်း | ☐ ကျား<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | ၂ | | ☐ ကျား<br>☐ မ | | | |
| | ၃ | | ☐ ကျား<br>☐ မ | | | |
| | ၄ | | ☐ ကျား<br>☐ မ | | | |
| | ၅ | | ☐ ကျား<br>☐ မ | | | |
| ပညာရေး | ၁ | စာသင်ကျောင်းခြံစည်းရိုးပြုပြင်ခြင်း | ☐ ကျား√<br>☐ မ | | မရှိသေးပါ | မရှိသေးပါ |
| | ၂ | ကျောင်းဆောင်သစ်ဆောက်လုပ်ရန် | ☐ ကျား√<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | ၃ | ဂန်ထမ်းအိမ်ယာ | ☐ ကျား<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | ၄ | | ☐ ကျား<br>☐ မ | | | |
| | ၅ | | ☐ ကျား<br>☐ မ | | | |
| အခြား | ၁ | လျှပ်စစ်မီးသွယ်တန်းခြင်း | ☐ ကျား<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | ၂ | | ☐ ကျား<br>☐ မ | | | |

# ၁၃။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု(Checklist For VDP)

ထိန်းချုပ်သူ ရက်စွဲ- ရွာ- VDP ရက်စွဲ

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက် ရလဒ်)
- အမျိုးသား/ အမျိုးသမီး အဖွဲ့များ သဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများ စာရင်း ( အခြေခံ အဆောက်အဦ၊ အသက်မွေးမှု၊ ပညာရေး၊ လူမှုရေး ထိန်းသိမ်းမှု...)

နောက်ဆက်တွဲများ -

- လူမှုအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ....
- ကျေးရွာစီမံကိန်း ရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏ အချက်အလက် ( PC1 ပုံစံ )
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုအကဲဖြတ်မှု အရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင် ပါဝင်သောလူဦးရေ ( အမျိုးသား/ အမျိုးသမီး)
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက် -
- ပါဝင်သော လူဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း ( အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသား အနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့

- ○ လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီး အဖွဲ့အစည်းအဖွဲ့ဝင်များ၏ ရလဒ်အား ခွဲခြားပေးထားသလား
    - ▪ ရှိ
    - ▪ မရှိ
- ○ စီမံကိန်း အရေအတွက် (အမျိုးသား/ အမျိုးသမီး ရွေးချယ်မှု အရေအတွက်) –

PRA နှင့် သက်ဆိုင်သော အခြား စီမံကိန်းအရေအတွက် (အမျိုးသား/ အမျိုးသမီး ရွေးချယ်မှု အရေအတွက်) –